JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ ၃၀ | မြန်မာ

သရုပ်တူ သရော်ဇာတ်လမ်းနမူနာ - 'ဒုစရိုက်ဖြင့် ချမ်းသာနေသည့် အာရှသူကြွယ်များ အပိုင်း ၂ : "ပိုက်ဆံနောက်က သွေးစက်များ" တွင် ပြည်သူအများ သေကြေပျက်စီး ဒုက္ခရောက်အောင်လုပ်ပြီး အမြတ်ထုတ်သူ တေဇအကြောင်း ဖော်ထုတ်ပြသထား

Justice For Myanmar သည် ဒုစရိုက်ဖြင့် ချမ်းသာနေသည့် အာရှသူကြွယ်များ အခန်းဆက်ဇာတ်လမ်းတွဲ နမူနာဇာတ်လမ်းဖြစ်သည့် 'ဒုစရိုက်ဖြင့် ချမ်းသာနေသည့် အာရှသူကြွယ်များ အပိုင်း-၂ : "ပိုက်ဆံနောက်က သွေးစက်များ" တွင် ထူးကုမ္ပဏီများအုပ်စုကို တည်ထောင်သူ တေဇ၏ အစစ်အမှန် သရုပ်သကန်နှင့် မြန်မာနိုင်ငံမှ အချမ်းသာဆုံးသူတစ်ဦး အကြောင်းကို မီးမောင်းထိုး ပြသထားသည်။

တေဇ၏ စီးပွားရေးအင်ပါယာမှတဆင့် နိုင်ငံခြားငွေနှင့် စစ်လက်နက်ပစ္စည်းများကို ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာအကြမ်းဖက်နေသည့် စစ်ဆင်ရေးများ လုပ်ဆောင်နိုင်ရန် မြန်မာစစ်အုပ်စုကို ထောက်ပံ့ ကူညီ ပေးနေသည်။ အမေရိကန်၊ ယူကေ၊ ကနေဒါနှင့် အီးယူတို့က တေဇနှင့် ၎င်း၏ကုမ္ပဏီများအပေါ် ဒဏ်ခတ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားသော်လည်း စင်ကာပူသည် တေဇနှင့် အခြားသော စစ်ဘက်ဆိုင်ရာ ခရိုနီ စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးအပေးအယူများ လုံခြုံဘေးကင်းပျော်ရွှင်စွာ လုပ်ဆောင်နိုင်သည့် ကောင်းကင်ဘုံတရပ်အဖြစ် ဆက်လက်ခွင့်ပြုထားပြီး မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းနေသည့် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်အားနည်းစေသည်။

အွန်လိုင်းပေါ်တွင် ပျံ့နှံ့နေသည့် တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးသော ဇာတ်လမ်းနမူနာ နှင့် ပိုစတာ တို့တွင် ဖော်ပြထားသည့် တေဇ သားတစ်ဦး၏ ခမ်းနားထည်ဝါသော မင်္ဂလာပွဲတွင် တေဇနှင့် မိသားစု ပါဝင်ဆင်နွှဲနေသည့် ပုံရိပ်များသည် သတင်းရင်းမြစ်အစစ်အမှန်ဖြစ်သည့် YouTube မှ ကူးယူဖော်ပြသည့် ဗီဒီယိုများ ဖြစ်သည်။ ဤဇာတ်လမ်းနမူနာက "မြန်မာ့အချမ်းသာဆုံးပုဂ္ဂိုလ်များအနက်မှ တဦးဖြစ်သည့် တေဇ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းနှင့် သူ၏လှပသောဘဝ နောက်ကွယ်က ဒုစရိုက်စီးပွားရေးအပေးအယူများ အကြောင်း" ထိမိပေါ်လွင်အောင် ဖော်ပြထားသည်။

ဇာတ်လမ်းနမူနာတွင် တေဇနှင့် ၎င်းမိသားစုဝင်အချို့၏ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံရှိ လုပ်ငန်း ၆၀ ကျော် ပါဝင်သည့် သွေးစွန်းနေသော စီးပွားရေးကွန်ရက်တွင် အစုရှယ်ယာများ ပါဝင်နေမှုကို ဖော်ပြထားသည်။

တေဇက ထူးကုမ္ပဏီများအုပ်စုကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပြီး အစ်ကိုဖြစ်သူ သီဟက ဒုဥက္ကဋ္ဌအဖြစ်နှင့် သားဖြစ်သူ ပြည့်ဖြိုးတေဇက မန်နေးဂျင်းဒါရိုက်တာအဖြစ် ဆောင်ရွက်သည်။ ၎င်း၏ အခြားသော သားသမီးနှစ်ဦးဖြစ်သည့် ထူးထက်တေဇနှင့် ထူးထွေးတေဇ (ရေချယ်တေဇဟုလူသိများသူ) တို့သည် ထူးကုမ္ပဏီခွဲများနှင့် ဆက်စပ်ကုမ္ပဏီများ၏ ဒါရိုက်တာများနှင့် အစုရှယ်ယာရှင်များဖြစ်ကြပြီး ဇနီးဖြစ်သူ သီတာဇော်သည် စင်ကာပူရှိ ထူးကုမ္ပဏီလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်။

ဤ ' ဒုစရိုက်ဖြင့် ချမ်းသာနေသည့် အာရှသူကြွယ်များ အပိုင်း ၂ : "ပိုက်ဆံနောက်က သွေးစက်များ" ဇာတ်လမ်းနမူနာသည် စစ်အုပ်စု၏ ရန်ပုံငွေ၊ လက်နက်၊ စက်ပစ္စည်းကိရိယာများနှင့် လေယာဉ်လောင်စာဆီ များ သုံးစွဲခွင့်ကို ပိတ်ဆို့ထားရန် စင်ကာပူအစိုးရကို တောင်းဆိုသည့် ကမ်ပိန်းအတွက် နောက်ဆုံး ထွက်ရှိလာသည့် ဇာတ်လမ်းနမူနာ ဖြစ်သည်။ အခြားသော သရုပ်တူ သရော်လှုပ်ရှားမှုများတွင် ဖော့မဂ္ဂဇင်း၏ " အသက် ၃၀ အောက် သူကြွယ် ၃၀ " စာရင်းကို အတုယူ ရေးသားထားသည့် " <u>အသက် ၃၀ ကျော် လူယုတ်မာများ</u> " စာရင်းတွင် အလိမ်အညာ၊ ရက်စက်ကြမ်းကြုတ်မှု၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများတွင် ပတ်သက်နေပြီး စင်ကာပူတွင် စီးပွားရေးလုပ်ငန်းများ လွတ်လွတ်လပ်လပ် ဆက်လက်လုပ်ဆောင်နေရင်း ချမ်းသာကြွယ်ဝမှုများ ပိုင်ဆိုင်ထားကြသည့် တေဇနှင့် အခြားစီးပွားရေးသမား ရှစ်ဦးတို့၏ ကိုယ်ရေး အကျဉ်းတို့ကို ဖော်ထုတ်ခဲ့သည်။

အဆိုပါ လူထုလှုပ်ရှားမှုသည် လက်ရှိ မြန်မာစစ်အုပ်စုကို လက်နက်နှင့် ဆက်စပ်ကိရိယာများ <u>တတိယအများဆုံး ထောက်ပံ့ပေးနေသည့်</u> စင်ကာပူနိုင်ငံအား ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်အတွင်းမှ စစ်ဘက်ဆိုင်ရာ ကုန်သွယ်မှု အားလုံးကို ရပ်တန့်ရန် ဖိအားပေးတောင်းဆိုနေခြင်း ဖြစ်ပါသည်။ အောက်တိုဘာလတွင် အရပ်ဘက်အဖွဲ့အစည်း ၄၃၀ မှ စင်ကာပူအစိုးရထံ <u>အိတ်ဖွင့်ပေးစာတစ်စောင်</u> ပေးပို့ခဲ့ပြီး သွေးစွန်းငွေ လှုပ်ရှားမှုမှ စတင်သည့် လှုပ်ရှားတောင်းဆိုမှုတွင် လူပေါင်း ၂၉,၀၀၀ ကျော် <u>လက်မှတ်ရေးထိုး</u>ခဲ့သည်။ #DoMoreSingapore နှင့် #NoMoreDirtyDeals အွန်လိုင်းလှုပ်ရှားမှုများ မှာလည်း လက်တွေ့မြေပြင်တွင် မြန်မာနိုင်ငံတစ်ဝှမ်း အကြမ်းဖက်စစ်အုပ်စုကို ဆန့်ကျင်တွန်းလှန်မှုများ အရှိန်အဟုန် မြင့်မားအားကောင်းလာသည့်နှင့် အပြိုင် လူထုအားနှင့် ဆက်လက်လှုပ်ရှားဆောင်ရွက်နေမည် ဖြစ်ပါသည်။

ပိုမိုသိရှိရန်

<u>Facebook</u> နှင့် twitter<u>_X</u> တို့မှ Crazy Rich Asians 2 နမူနာဇာတ်လမ်းကို ကြည့်ရှုပြီး မျှဝေပေးပါ သို့မဟုတ် <u>ယခုနေရာ</u>တွင် ကူးယူပါ။

Htoo Group of Companies နှင့်ပတ်သက်သည် ကျွန်ုပ်တို့၏ ဖော်ထုတ်ရေးသားမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/